# အမျိုးသားစာရင်းအင်းစနစ်ဆိုင်ရာ မူဝါဒ အနှစ်ချုပ်

## (Policy Brief on National Statistical System)

**နိဒါန်း (Introduction)**

၁။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၄) ရပ်တွင် အပါအဝင်ဖြစ်သည့် **"စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေး" မူဝါဒအား အကောင်အထည်ဖော်ရာတွင်** လူမှု- စီးပွားဆိုင်ရာ အချက်အလက်များ၊ ညွှန်ကိန်းများကို ပြည့်စုံအောင် ဆောင်ရွက်ရန်၊ အချက်အလက်များကို စုစည်းကောက်ယူခြင်း၊ ပြုစုခြင်း၊ ခန့်မှန်းခြင်း၊ ခွဲခြမ်းလေ့လာဆန်းစစ်ခြင်း၊ အချက်အလက်များ သိုမှီးထားရှိခြင်း၊ အစီရင်ခံခြင်းနှင့် အချက်အလက်ဖြန့်ဖြူးခြင်း စသည့်စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များအား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စာရင်းအင်းနှင့် သက်ဆိုင်သော အစိုးရအဖွဲ့အစည်းများ၊ သုတေသနအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပုဂ္ဂလိက အဖွဲ့အစည်းအားလုံးတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ လက်ရှိအမှန်တကယ်အခြေအနေနှင့် ကိုက်ညီမှုရှိအောင်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းတို့ကို ခိုင်မာအားကောင်းစေရေး ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

၂။ **စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး**သည် မူဝါဒချမှတ်သူများ အပါအဝင် အချက်အလက်အသုံးပြုသူများအတွက် လက်တွေ့ကျသည့်မူဝါဒများ၊ စီမံကိန်းများဖြစ်ပေါ်စေရေး၊ ၎င်းတို့အားအကောင်အထည်ဖော်ရာတွင် စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းများ ဆောင်ရွက်ရန် အလွန်အရေးပါလျက်ရှိရာ စာရင်းအင်းအခြေခံသဘောတရားနှင့်နည်းလမ်းများ၊ အချက်အလက်များအား ကောက်ယူရာတွင် နည်းစနစ်တိကျမှန်ကန်မှု၊ အချက်အလက်များ၏ အရည်အသွေးကောင်းမွန်ရေးနှင့် အံဝင်ခွင်ကျအသုံးပြုနိုင်မှုတို့မှာ လွန်စွာအရေးပါလျက်ရှိသည်။

၃။ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ်သည် အရည်အသွေးပြည့်ဝမှုသာလျှင် မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှု- စီးပွားသုတေသန ဆောင်ရွက်သူများစသည်ဖြင့် အားလုံးအတွက် ကောင်းမွန်ထိရောက်ပြီး လက်တွေ့ကျသည့် မူဝါဒများ ချမှတ်နိုင်ခြင်း၊ စီမံကိန်းများရေးဆွဲနိုင်ခြင်း၊ စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ စာရင်းအင်းအရည်အသွေး ပြည့်ဝစေရေးနှင့် စာရင်းအင်းစနစ် ပြည့်စုံတိကျမှန်ကန်စေရေးအတွက် လူမှု-စီးပွားဆိုင်ရာအချက်အလက်များ၊ ညွှန်ကိန်းများကို ပြည့်စုံအောင် တွက်ချက်ဆောင်ရွက်နိုင်သည့် မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် ပေါ်ပေါက်လာစေရန်၊ အစိုးရဌာန၊ သမဝါယမ၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် လုပ်ငန်းများအားလုံးမှ အမျိုးသားစာရင်းအင်း

စနစ်အတွက် လိုအပ်သောစာရင်းအင်းများ ပံ့ပိုးကူညီရရှိရန်နှင့် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရန်ရည်ရွယ်၍ အမျိုးသားစာရင်းအင်းစနစ်ဆိုင်ရာ မူဝါဒ (အနှစ်ချုပ်)ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့သည် စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီ၏ လမ်းညွှန်မှုဖြင့် ရေးဆွဲပြုစုခြင်းဖြစ်ပါသည်။

## မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် အဓိပ္ပာယ် (Definition)

၅။ မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ်သည် မူလဇာစ်မြစ်အဖြစ် စာရင်းအင်းဆိုင်ရာ ကောက်ယူစုဆောင်းထားသည့် အချက်အလက်များ သို့မဟုတ် အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းများ သို့မဟုတ် အခြားစာရင်းအင်းဆိုင်ရာ ပြုစုထားရှိမှုများမှ အချက်အလက်များကို ရည်ညွှန်း ကိုးကား၍ တရားဝင်စာရင်းအင်းများကို ပြုစုရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြသောစနစ်ပင် ဖြစ်သည်။ (The National Statistics System is a system consisting of all departments, ministries and institutions in the government of Myanmar engaged in the production of Official Statistics, whether sourced from primary data in statistical data collections or administrative records, or other statistical compilations. တစ်နည်းဆိုသော် နိုင်ငံတော် အစိုးရမှ ထုတ်ပြန်သည့် စာရင်းအင်းအချုပ် (totality of statistics produced and published by National Government) ပင် ဖြစ်ပါသည်။

## အမျိုးသား စာရင်းအင်းဆိုင်ရာ မူဝါဒ (Statistical Policy)

၆။ အမျိုးသားစာရင်းအင်းဆိုင်ရာ မူဝါဒမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) စာရင်းအင်း အရည်အသွေးပြည့်ဝစေရေးနှင့် ပြည့်စုံတိကျမှန်ကန်စေရေးအတွက် လူမှု–စီးပွားဆိုင်ရာအချက်အလက်များ၊ ညွှန်ကိန်းများကို ပြည့်စုံစွာ တွက်ချက်ဆောင်ရွက်နိုင်သည့် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ် ပေါ်ပေါက်လာစေရန်၊

(ခ) အစိုးရဌာန၊ သမဝါယမ၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပုဂ္ဂလိကလုပ်ငန်းများ အားလုံးမှ အမျိုးသားစာရင်းအင်းစနစ်အတွက် လိုအပ်သောစာရင်းအင်းများ ပံ့ပိုးကူညီရရှိရန်နှင့် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရန်၊

(ဂ) အကျိုးသက်ရောက်မှုရှိပြီး နိုင်ငံတော်အစိုးရနှင့် အများပြည်သူတို့ အသုံးပြုနိုင်ရန် အတွက် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့ စေရန်၊

(ဃ) အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင် ခြင်းအားဖြင့် အစိုးရနှင့် ပြည်သူများအကြား ပွင့်လင်းမြင်သာမှု ရရှိလာစေရန်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှု တိုးမြှင့်နိုင်စေရန်၊

(င) အသစ်ပြဋ္ဌာန်းသော မြန်မာနိုင်ငံ စာရင်းအင်းဥပဒေနှင့်အညီ အာဏာသက်ရောက် မှု ကျယ်ပြန့်ထိရောက်လာစေရန်နှင့် အဆိုပါစာရင်းအင်းဥပဒေအရ ယုံကြည် ကိုးစားနိုင်သော၊ ခိုင်မာ၍အရည်အသွေးရှိသော စာရင်းအင်းများကို အချိန်နှင့် တစ်ပြေးညီ စုစည်းကောက်ယူနိုင်ရန် စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics–NSDS) ဖော်ဆောင်၍ အကောင်အထည် ဖော်ဆောင်သွားမည့်လုပ်ငန်းများ ကျယ်ပြန့်စွာ အောင်မြင်အောင် တိုးမြှင့်ဆောင်ရွက်နိုင်ရန်။

(စ) စုဆောင်းပြုစုရမည့် သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအလိုက် စာရင်းဇယားများ နိုင်ငံ တကာ၌ ကျင့်သုံးလျက်ရှိသည့် စာရင်းအင်းကောက်ယူခြင်း စနစ်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက်လိုအပ်သည့် နည်းစနစ်များဆိုင်ရာ အသိပညာ ဖြန့်ဖြူး ပေးရန်နှင့် သက်ဆိုင်ရာဌာနများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း အကောင် အထည်ဖော် ဆောင်ရွက်သွားရန်။

**အမျိုးသားစာရင်းအင်းစနစ်ဆိုင်ရာ အခြေခံစည်းမျဉ်းများ (Basic Principles for National Statistical System)**

၇။ တရားဝင်စာရင်းအင်းများ၏ အရည်အသွေး ပြည့်ဝစေရန်နှင့် ပြည်သူများ၏ ယုံကြည်မှုကို ရရှိနိုင်စေရန် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အောက်ပါအခြေခံစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည် –

(က) မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်တွင် အရည်အသွေးပြည့်ဝသည့် စာရင်း အင်းများ ဖြစ်ပေါ်စေရန် နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ တရားဝင် စာရင်းအင်း ဆိုင်ရာ ကုလသမဂ္ဂအခြေခံ စည်းမျဉ်းများ၊ အာဆီယံအသိုက်အဝန်း စာရင်းအင်း စနစ် (ASEAN Community Statistical System–ACSS) ၏ လက်တွေ့ကျင့်သုံး နေသောအစိကမူများနှင့် ကိုက်ညီရမည်။

(ခ) အချက်အလက်များကို အနီးစပ်ဆုံးတိတိကျကျဖော်ပြ၍ အမှန်တကယ်တည်ရှိသည့် အခြေအနေများနှင့် ကိုက်ညီစေရမည်။

(ဂ) တူညီသော စာရင်းအင်းဆိုင်ရာ အချက်အလက်များ ထပ်မံကောက်ယူခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ရမည်။

(ဃ) အမျိုးသားစာရင်းအင်းများနှင့်စပ်လျဉ်း၍ အများပြည်သူ ယုံကြည်လက်ခံနိုင်မှု ရရှိစေနိုင်ရေးအတွက် စာရင်းအင်းပြုစုဆောင်ရွက်ရာတွင် နည်းလမ်းတကျ စီမံဆောင်ရွက်မှုနှင့် အချက်အလက်များ ဖြန့်ဝေခြင်း၌ ပွင့်လင်းမြင်သာမှုရှိရမည်။

(င) စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များအတွက် ကောက်ယူစုဆောင်းထားသော ပုဂ္ဂိုလ်တစ်ဦးချင်း၊ လုပ်ငန်း/အဖွဲ့အစည်း တစ်ခုချင်းစီ၏ လျှို့ဝှက်ထိန်းသိမ်းထားရှိရမည့် အချက်အလက်များကို တိကျစွာ စောင့်ရှောက်ထိန်းသိမ်းပေးရမည်။

(စ) လျှို့ဝှက်ထိန်းသိမ်းရမည့် အချက်အလက်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ စည်းမျဉ်းများကို လိုက်နာ၍ စာရင်းအင်းဆိုင်ရာ အချက်အလက် သုံးစွဲသူ များထံ ပြည်သူ့အရင်းအမြစ်တစ်ရပ် သို့မဟုတ် နိုင်ငံသားအခွင့်အရေးတစ်ရပ်အဖြစ်လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်သူများအတွက် အထောက်အကူအဖြစ်လည်းကောင်း ဖြောင့်မှန်သောနည်းလမ်းဖြင့် လွတ်လပ်စွာ ဖြန့်ဝေပေးရမည်။

(ဆ) အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းများသည် တရားဝင်စာရင်းအင်းများအတွက် အခြေခံအချက်အလက်များအဖြစ် အသုံးပြုနိုင်ရမည်။

**နိုင်ငံတကာတွင် ကျင့်သုံးသော စာရင်းအင်းစနစ်များ (International Statistical Systems)**

၈။ နိုင်ငံတကာတွင်ကျင့်သုံးသော စာရင်းအင်းစနစ် (၂) မျိုးရှိပြီး

(က) ဗဟိုထိန်းချုပ်မှုမှ လျှော့ချသော စာရင်းအင်းစနစ် (Decentralized Statistical System) နှင့်

(ခ) ဗဟိုထိန်းချုပ်မှု စာရင်းအင်းစနစ် (Centralized Statistical System) ဟူ၍ ဖြစ်ပါသည်။

၉။ မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော စာရင်းအင်းစနစ်မှာ ဗဟိုထိန်းချုပ်မှုမှ လျှော့ချသော စာရင်းအင်းစနစ် (Decentralized Statistical System) ဖြစ်ပါသည်။ ဗဟိုမှ ထိန်းချုပ်သည့် စာရင်းအင်းစနစ်နှင့် ဗဟိုထိန်းချုပ်မှုမှ လျှော့ချသော စာရင်းအင်းစနစ်တို့တွင် အားသာချက်၊ အား

နည်းချက် အတူတွဲလျက်တည်ရှိနေပါသည်။ သို့ဖြစ်ပါ၍ ပြည့်စုံစွာ စာရင်းအင်းစုစည်း တွက်ချက် ထုတ်ပြန်တင်ပြနိုင်ရန်နှင့် ဗဟိုထိန်းချုပ်မှုမှ လျှော့ချသော စာရင်းအင်းစနစ်၏ အားနည်းချက်များအား ကျော်လွှားနိုင်ရန်အတွက် စာရင်းအင်းနှင့် သက်ဆိုင်သော အစိုးရ အဖွဲ့အစည်းများ၊ သုတေသန အဖွဲ့အစည်းများ၊ ပညာရှင်များ၊ ပုဂ္ဂလိက အဖွဲ့အစည်း အားလုံးတို့နှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း ၊ လက်ရှိ အမှန်တကယ်အခြေအနေနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းတို့ကို ပိုမိုဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။ အားနည်းချက်၊ အားသာချက်တို့ မျှတမှုရှိစေရေးအတွက် အဆိုပါ စနစ်နှစ်ခုအား ရောနှောသည့် စနစ်( Mixed System) အား အသုံးပြုရန် လိုအပ်မည်ဖြစ်သည်။

၁၀။ ယခုလက်ရှိ မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် ဗဟိုထိန်းချုပ်မှုမှလျှော့ချသည့် စာရင်းအင်းစနစ် ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်မှုကို ပိုမိုအားကောင်းလာစေရန်နှင့် အရည်အသွေးရှိသည့် မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် (National Statistical System) ဖော်ဆောင်ရန် မြန်မာနိုင်ငံ စာရင်းအင်းဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းခြင်းဖြစ်ပါသည်။

**ကုလသမဂ္ဂမှ ပြဋ္ဌာန်းသည့် တရားဝင်စာရင်းအင်းဆိုင်ရာ အခြေခံမူများ (UN Guidelines for the Fundamental Principles of Official Statistics) နှင့် ကိုက်ညီရေး**

၁၁။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ အရည်အသွေးပြည့်ဝသည့် အမျိုးသားစာရင်းအင်းစနစ် ဖြစ်ပေါ်စေရေးအတွက် ကုလသမဂ္ဂမှ ပြဋ္ဌာန်းသည့် တရားဝင်စာရင်းအင်းဆိုင်ရာ အခြေခံမူများကို လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။ အဆိုပါ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တရားဝင်စာရင်းအင်းများသည် စီးပွားရေး၊ လူဦးရေ၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများဆိုင်ရာ အချက်အလက်များဖြင့် အစိုးရ၊ စီးပွားရေးနှင့် ပြည်သူတို့အတွက် အချက်အလက်များအား ဒီမိုကရေစီ လူ့အဖွဲ့အစည်းအတွက် ပံ့ပိုးပေးသည့် သတင်းအချက်အလက်စနစ်ဖြစ်သည်။ နောက်ဆုံးတွင် တရားဝင် စာရင်းအင်းဌာနများသည် တရားဝင်စာရင်းအင်း သတင်းအချက်အလက်များ ကောက်ယူစုစည်းထုတ်ပြန်ခြင်းဖြင့် ပြည်သူသို့ ပံ့ပိုးနိုင်ရေးအတွက် လက်တွေ့အသုံးပြုနိုင်ရမည်ဖြစ်ပါသည်။

(ခ) တရားဝင်စာရင်းအင်းများအပေါ် ယုံကြည်မှုရှိစေရေးအတွက် စာရင်းအင်းဌာနများ အနေဖြင့် စာရင်းအင်းဆိုင်ရာ အချက်အလက်များ ကောက်ယူစုစည်းခြင်း၊ တွက်ချက်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် တင်ပြချက်များ ဆောင်ရွက်ရာတွင် သိပ္ပံနည်းကျ အခြေခံစည်းမျဉ်းများ၊ ကျွမ်းကျင်မှုအတတ်ပညာဆိုင်ရာ ကျင့်ဝတ်များ၊ နည်းလမ်းများစသည့် နည်းပညာများကိုအခြေခံ၍ တိကျစွာ ဆုံးဖြတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) စာရင်းအင်းဌာနများသည် သိပ္ပံနည်းကျ စံသတ်မှတ်ချက်ဖြစ်သည့် စာရင်းအင်းဆိုင်ရာ ဇာစ်မြစ်များ၊ နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများအရ အချက်အလက်များကို အချက်အလက်များအား မှန်ကန်စွာသုံးသပ်တင်ပြရမည်။

(ဃ) စာရင်းအင်းဆိုင်ရာအဖွဲ့အစည်းများသည် မှားယွင်းသည့် အချက်အလက် တင်ပြမှုများနှင့်စာရင်းအင်းအပေါ် လွဲမှားစွာအသုံးပြုမှုများကိုဝေဖန်ပိုင်းခြားပိုင်ခွင့်ရှိသည်။

(င) အချက်အလက်များကို စာရင်းအင်းဆိုင်ရာ ရည်ရွယ်ချက်အတွက် စစ်တမ်း (သို့မဟုတ်) အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းများ စသည့် ဇာစ်မြစ်များအားလုံးမှ ရယူဆောင်ရွက်နိုင်သည်။ အရည်အသွေးပြည့်ဝမှု၊ အချိန်မီ ရရှိနိုင်မှု၊ ကုန်ကျစရိတ်နှင့် မေးခွန်းတုံ့ပြန်ဖြေကြားသူများအပေါ် ဝန်ထုပ်ဝန်ပိုးတို့နှင့် စပ်လျဉ်း၍ စာရင်းအင်းဇာစ်မြစ်အား စာရင်းအင်းဌာနများအနေဖြင့် ချိန်ဆရွေးချယ်နိုင်သည်။

(စ) စာရင်းအင်းကောက်ယူစုစည်းရန်အတွက် စာရင်းအင်းဌာနများမှ ကောက်ယူထားသော ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များသည် Natural Person (သို့မဟုတ်) Legal Person ကို ညွှန်းဆိုသည်ဖြစ်စေ၊ မညွှန်းဆိုသည်ဖြစ်စေ အဆိုပါ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအား တင်းကြပ်စွာ လျှို့ဝှက်ထားရှိရန်နှင့် စာရင်းအင်းဆိုင်ရာ ရည်ရွယ်ချက်အရသာ အသုံးပြုရန် ဖြစ်သည်။

(ဆ) လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိသည့် စာရင်းအင်းစနစ် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် တိုင်းတာပုံ၊ တိုင်းတာနည်းများအား လူအများသိအောင် ဆောင်ရွက်ရမည်။

(ဇ) ကျင့်သုံးလျက်ရှိသည့် စာရင်းအင်းစနစ်တွင် ညီညွတ်မှုနှင့် စွမ်းဆောင်ရည် ပြည့်ဝအောင်မြင်စေရန် နိုင်ငံအသီးသီးရှိ သက်ဆိုင်ရာ စာရင်းအင်းဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးပါပါသည်။

(ဈ) စာရင်းအင်းဌာနများသည် နိုင်ငံတကာတွင် ကျင့်သုံးသည့် သဘောတရားများ၊ စာရင်းအင်း အမျိုးအစားများနှင့် နည်းပညာများအား ကျင့်သုံးခြင်းအားဖြင့် စာရင်းအင်းစနစ် ညီညွတ်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှုကို တရားဝင်အဆင့်တိုင်းတွင် မြှင့်တင်ရန် ဖြစ်သည်။

(ည) စာရင်းအင်းနယ်ပယ်တွင် နိုင်ငံအချင်းချင်းနှင့် နိုင်ငံစုံအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်ခြင်းသည် နိုင်ငံများ၏ တရားဝင်စာရင်းအင်းစနစ်အား ပိုမိုတိုးတက်ကောင်းမွန်စေနိုင်မည် ဖြစ်သည်။

**အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်(ASEAN Community Statistical System–ACSS)၏ လက်တွေ့ကျင့်သုံး နေသောအဓိကမူများ**

၁၂။ မြန်မာနိုင်ငံသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် (ASEAN Community Statistical System – ACSS) ၏ လက်တွေ့ကျင့်သုံးနေသော နည်းဥပဒေနှင့်လည်း ညီညွတ်စွာ လက်ခံကျင့်သုံးနိုင်ရန် ဖြစ်သည်။ ၂၀၁၂ ခုနှစ်မှ စတင်၍ အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ် ကော်မတီမှ သဘောတူလက်ခံခဲ့သည့် အဆိုပါနည်းဥပဒေ၏ လက်တွေ့ကျင့်သုံးနေသောအဓိကမူများမှာ အောက်ပါအတိုင်း ဖြစ်သည်–

- ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်၏ မျှော်မှန်းချက်မှာ အာဆီယံအသိုက်အဝန်းအတွက် အထောက်အပံ့ဖြစ်စေမည့် နှိုင်းယှဉ်နိုင်သော သက်ဆိုင်ရာစာရင်းအင်းများကို အချိန်မီပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားခြင်းဖြစ်သည်။ ထို့အပြင် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် (ACSS) ၏ လုပ်ငန်းတာဝန်မှာ အဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးအဖွဲ့(ASEAN Secretariat) ၏ စာရင်းအင်း လုပ်ဆောင်နိုင်စွမ်းများအား တိုးမြှင့်နိုင်ရန်အတွက် မူဝါဒကို အခြေခံသော အထောက်အထားများနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင်

အထောက်အကူဖြစ်စေမည့် နှိုင်းယှဉ်နိုင်သော သက်ဆိုင်ရာ အာဆီယံ စာရင်းအင်းများကို အချိန်မီ ပေးပို့နိုင်ရန် ဖြစ်ပါသည်။

- အာဆီယံစာရင်းအင်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထုတ်ပြန်ဖြန့်ဖြူးရန် ဆက်သွယ်ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးအဖွဲ့၏ အမျိုးသားစာရင်းအင်း အာဏာပိုင်အဖွဲ့များအကြားတွင် မိတ်ဖက်များအဖြစ် အသိအမှတ်ပြုနိုင်ရန် တို့ဖြစ်သည်။ ဤနည်းအားဖြင့် အာဆီယံ အသိုက်အဝန်း စာရင်းအင်းစနစ် (ACSS) ၏ လက်တွေ့ကျင့်သုံးနေသောနည်းဥပဒေကို လိုက်နာစောင့်ထိန်းရန် လိုအပ်ပါသည်။

၁၃။ ၂၀၁၀ ခုနှစ် အောက်တိုဘာလ၌ စတင်ခဲ့သော ၂၀၁၀-၂၀၁၅ အာဆီယံ စာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်တွင် တိကျသေချာ၍ အရည်အသွေးကောင်းသော အာဆီယံ စာရင်းအင်းများအား ပြုစုခြင်း၊ ဖြန့်ဝေခြင်းနှင့် ဆက်သွယ်လုပ်ဆောင်ခြင်းတို့ကို တင်ပြရန်ဖော်ပြထားပါသည်။

၁၄။ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ စာရင်းအင်းပြုစုခြင်း၊ ဖြန့်ဝေခြင်းနှင့် ဆက်သွယ်လုပ် ဆောင်ခြင်းတို့ကို ဆောင်ရွက်ရာတွင် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် (ACSS) အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများ (ASEAN Member States – AMS) ၏ အမျိုးသားစာရင်းအင်း လုပ်ပိုင်ခွင့်နှင့် အာဆီယံနိုင်ငံများ၊ စာရင်းအင်းအသုံးပြုသူများအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်စေရန် တိကျသေချာမှု ရှိရမည်ဟူသည့် သတ်မှတ်ချက်များရှိသည်။ ၎င်းတို့သည် အသုံးပြုသူများကို စိတ်ကျေနပ်မှု၊ ပွင့်လင်းထင်သာမြင်သာရှိမှု၊ နားလည်လက်ခံမှုတို့ကိုလည်း ဖြစ်ပေါ်စေသည်။

၁၅။ အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် လုပ်ငန်းဆိုင်ရာ စံသတ်မှတ်ချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ (AMS) နှင့် ASEANstats ၏ အမျိုးသားစာရင်းအင်း လုပ်ပိုင်ခွင့် အခွင့်အာဏာနှင့် အာဆီယံစာရင်းအင်း ဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်လုပ်မှု၊ ဖြန့်ဝေမှုနှင့် ဆက်သွယ်မှုတို့ကို အောက်ပါအတိုင်း လမ်းညွှန်ပေးထားသည် -

- ကောင်းမွန်သော အလေ့အကျင့်များဆောင်ရွက်နိုင်ရန် လမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊
- သင်တန်းပေးမှု၊ ကြီးကြပ်မှုနှင့် လိုအပ်သည့် ပံ့ပိုးကူညီမှုတို့ကို ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးမှုအား ကူညီပံ့ပိုးပေးခြင်း၊

- လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ လုပ်ထုံးလုပ်နည်းများ စသည့် သတင်းအချက်အလက်များမှတစ်ဆင့် စာရင်းအင်းအသုံးပြုသူများ၏ ယုံကြည်စိတ်ချမှုအား တိုးမြှင့်စေခြင်းနှင့်
- စာရင်းအင်း အသုံးပြုသူများ၏နယ်ပယ်နှင့် အကန့်အသတ်များအား အသိအမြင် မြှင့်တင်ခြင်း။

၁၆။ အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် (ACSS) သည် ကုလသမဂ္ဂ စာရင်းအင်း ဆိုင်ရာကော်မရှင်မှ ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် တရားဝင်စာရင်းအင်းများ၏ အခြေခံကျသော စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိပါသည်။ ၂၀၁၁ ခုနှစ် ဇူလိုင်လ၌ ချမှတ်ခဲ့သော အာဆီယံ အသိုက်အဝန်းစာရင်းအင်းစနစ် မဟာဗျူဟာစီမံကိန်း (ACSS Strategic Plan) တွင် ပြဋ္ဌာန်းထားသည့် တန်ဖိုး/စံနှုန်းများကိုလည်း ထင်ဟပ်နေစေသည်။ ဤစည်းမျဉ်းစည်းကမ်းများတွင် အဖွဲ့အစည်းဆိုင်ရာ ပတ်ဝန်းကျင် (Institutional Environment) ၊ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များ (Statistical Processes) နှင့် စာရင်းအင်းရလာဒ် ( Statististical Output) စသည့် ရှုထောင့် (၃) မျိုးဖြင့် ဖော်ပြထားသည်။ ACSS code ၏ အဓိက စည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြန်လည်သုံးသပ်ရန်၊ အကိုးအကားထားရှိရန် ကျင့်သုံးရမည့် အလေ့အကျင့်ကောင်းအဖြစ် ညွှန်ကိန်းများအား ပံ့ပိုးပေးပါသည်။ အာဆီယံစာရင်းအင်းများအတွက် ဖွံ့ဖြိုးတိုးတက်မှု၊ စာရင်းအင်းဆိုင်ရာပြုစုခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဆက်သွယ်လုပ်ဆောင်ခြင်း စသည့် ရှုထောင့်အားလုံးအတွက် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ် (ACSS) သည် လွှမ်းခြုံမှုရှိပါသည်။

**အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် (ACSS) ၏ အဓိက စည်းမျဉ်းစည်းကမ်းများ**

၁၇။ အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် (ACSS) ၏ အဓိက စည်းမျဉ်းစည်းကမ်း (၈) ခုမှာ အောက်ပါအတိုင်းဖြစ်သည်-

**(က) အဖွဲ့အစည်းဆိုင်ရာပတ်ဝန်းကျင် (Institutional Environment)**

၁။ စာရင်းအင်းအချက်အလက် ကောက်ယူနိုင်ရန်အတွက် လုပ်ပိုင်ခွင့် (Mandate for Data Collection)

၂။ လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှုနှင့် ယုံကြည်အားထားနိုင်မှု (Professionalism & Integrity)

၃။ လျှို့ဝှက်ထိန်းသိမ်းထားရှိခြင်း (Confidentiality)

၄။ တာဝန်ယူမှုရှိခြင်း (Accountability)

၅။ စာရင်းအင်းဆိုင်ရာပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း (Statistical Cooperation and Coordination)

**(ခ) စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များ (Statistical Processes)**

၆။ အကုန်အကျနည်းစေခြင်း (Cost Effectiveness)

၇။ မေးခွန်းတုံ့ပြန်ဖြေကြားသူ၏ ဝန်ထုပ်ဝန်ပိုးအားလျော့နည်းစေခြင်း (Reduced Respondent Burden)

**(ဂ) စာရင်းအင်းရလဒ် (Statistical Output)**

၈။ အရည်အသွေးအာမခံချက်ရှိခြင်း (စပ်ဆိုင်မှု၊ ယုံကြည်စိတ်ချရမှု၊ အချိန်မီရရှိနိုင်မှု၊ နှိုင်းယှဉ်နိုင်မှုနှင့် နားလည်လွယ်မှု) (Commitment to Quality– Relevance, Reliability, Timeliness, Comparability & Acsssessabilitty)

၁၈။ စာရင်းအင်းဆိုင်ရာ အသိုက်အဝန်းတွင် ဖွံ့ဖြိုးမှုနယ်ပယ်သစ်များ ဖော်ဆောင်နိုင်ရန် လက်ရှိကျင့်သုံးနေသည့် စာရင်းအင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ် (ACSS) ၏ အဓိကစည်းမျဉ်းစည်းကမ်းများနှင့် လိုက်လျောညီထွေမှုရှိရန် ပြုပြင်နိုင်သည်။

**(က) အဖွဲ့အစည်းဆိုင်ရာ ပတ်ဝန်းကျင် (Institutional Environment)**

**အဓိကစည်းမျဉ်း ၁။ အချက်အလက်များ ကောက်ယူခြင်းအတွက် လုပ်ပိုင်ခွင့် (Mandate for Data Collection)** – အာဆီယံအဖွဲ့ဝင်နိုင်ငံများ (AMSs) ၏ အမျိုးသားစာရင်းအင်း လုပ်ပိုင်ခွင့်တွင် အာဆီယံဆိုင်ရာ စာရင်းအင်းများ ပြုစုရန်အတွက် အာဆီယံနိုင်ငံများအချင်းချင်း ဖလှယ်ကြသော သတင်းအချက်အလက်များအားစုစည်းရန် တိကျသော ဥပဒေဆိုင်ရာလုပ်ပိုင်ခွင့်များရှိသည်။

**ညွှန်ကိန်းများ**

(၁.၁) အမျိုးသားအဆင့် တရားဝင်စာရင်းအင်းများ စုစည်းခြင်းနှင့် ဖြန့်ဖြူးခြင်းတို့အတွက် သတင်းအချက်အလက်များစုစည်းရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ (AMSs) ၏ အမျိုးသားစာရင်းအင်းလုပ်ပိုင်ခွင့်ကို ဥပဒေမူဘောင်တွင် ပြဋ္ဌာန်းထားရှိခြင်း၊

(၁.၂) အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားစာရင်းအင်းဆိုင်ရာ အာဏာပိုင်အဖွဲ့များ မှ ထုတ်ပြန်သော အမျိုးသားစာရင်းအင်းကို အာဆီယံစာရင်းအင်းများ စုစည်းရန်

အတွက် အမျိုးသားစာရင်းအင်းရုံးများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ ပံ့ပိုးခြင်း၊

(၁.၃) အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် ကော်မတီ (ACSS Committee) ၏ လမ်းညွှန်မှုဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် အာဆီယံအသိုက်အဝန်းမှ လိုအပ်သော အာဆီယံစာရင်းအင်းများအား ဆက်သွယ်ဆောင်ရွက်ခြင်း၊ ထုတ်ပြန်ခြင်း၊ ဖြန့်ဝေခြင်း၊

**အဓိကစည်းမျဉ်း ၂။ လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှုနှင့် ယုံကြည်အားထားနိုင်မှု (Professionalism and Integrity)–** အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသား စာရင်းအင်းဆိုင်ရာ အာဏာပိုင်အဖွဲ့များသည် အချက်အလက်ကောက်ယူခြင်းမှသည် အချက် အလက်ဖြန့်ဝေခြင်းအထိ စာရင်းအင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အဆင့်အမျိုးမျိုးတွင် လုပ်ဆောင်ရမည့် အစီအစဉ်နှင့် နည်းလမ်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်ခြင်း။

**ညွှန်ကိန်းများ**

(၂.၁) ဆုံးဖြတ်ချက်များသည် တာဝန်ယူမှု၊ အရည်အချင်းရှိမှု၊ ဗဟုသုတကြွယ်ဝမှုဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်ဆောင်ရွက်မှုအပေါ်အခြေခံ၍ ချမှတ်ခြင်း။

(၂.၂) အမျိုးသားစာရင်းအင်းဆိုင်ရာ အာဏာပိုင်အဖွဲ့များသည် နိုင်ငံတကာ စံသတ်မှတ်ချက်များ၊ လမ်းညွှန်မှုများ၊ နည်းပညာပိုင်းဆိုင်ရာမူဘောင်များဖြင့် ကောင်းစွာ ကျင့်သုံးနိုင်မှုနှင့် လိုက်လျောညီစွာ လုပ်ကိုင်ဆောင်ရွက်ခြင်း။

(၂.၃) အမျိုးသားစာရင်းအင်းဆိုင်ရာ အာဏာပိုင်အဖွဲ့များသည် စာရင်းအင်းဝန်ထမ်းများ ၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံဗဟုသုတ တိုးတက်စေသည့် သင်တန်းများ၊ ညီလာခံများကို စီစဉ်ပေးခြင်း။

(၂.၄) မူဝါဒများ၊ မူဘောင်များချမှတ်နိုင်ရေး၊ စာရင်းအင်းများကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်နိုင်ရေး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ပံ့ပိုးသော စာရင်းအင်းများနှင့် နှိုင်းယှဉ်ထုတ်ပြန်နိုင်ရန် လမ်းညွှန်မှုပြုနိုင်ရေးတို့အတွက် အာဆီယံလုပ်ငန်းအဖွဲ့ များတွင် တာဝန်ရှိခြင်း။

**အခြေခံမူ ၃။ လျှို့ဝှက်ထိန်းသိမ်းထားရှိခြင်း (Confidentiality)** – အိမ်ထောင်စုများ၊ စီးပွားရေးလုပ်ငန်းများ၊ စီမံအုပ်ချုပ်သည့်အဖွဲ့များနှင့် စာရင်းအင်းအတွက် ရည်ရွယ်၍ အခြားသော ဖြေဆိုသူများထံမှ ရရှိသောသတင်းအချက်အလက်များအား လျှို့ဝှက်ထိန်းသိမ်းထားရှိရန်မှာ အာဆီယံအဖွဲ့ဝင် နိုင်ငံများရှိ အမျိုးသားစာရင်းအင်းဆိုင်ရာ အာဏာပိုင်အဖွဲ့များ၏ တာဝန်ဖြစ်သည်။

**ညွှန်ကိန်းများ**

(၃.၁) စာရင်းအင်းအတွက် ရည်ရွယ်သောသတင်းအချက်အလက်များ လျှို့ဝှက်ထိန်းသိမ်းထားရှိရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အမျိုးသားစာရင်းအင်းဆိုင်ရာ အာဏာပိုင်အဖွဲ့များ၏ လုပ်ပိုင်ခွင့်ကို သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေ (သို့မဟုတ်) ဥပဒေမူဘောင်တွင် ထည့်သွင်းပြဋ္ဌာန်းခြင်း။

(၃.၂) နိုင်ငံအဆင့်နှင့် အာဆီယံအဆင့်တွင် စာရင်းအင်းထုတ်ပြန်ခြင်းနှင့် ဖြန့်ဝေခြင်း လုပ်ငန်းစဉ်များ၌ စာရင်းအင်းဆိုင်ရာ လျှို့ဝှက်ထိန်းသိမ်းထားရှိရန်အတွက် လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ၊ လမ်းညွှန်မှုများ၊ စည်းမျဉ်းစည်းကမ်းနှင့် အခြေအနေများ တည်ရှိခြင်း။

(၃.၃)စာရင်းအင်း အချက်အလက်များကို Database နှင့် မော်ကွန်းတိုက်များတွင် စုစည်းထားရှိမှုနှင့် လုံခြုံမှုကို ကာကွယ်ရန် ရုပ်ပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ထားရှိခြင်း။

**အခြေခံမူ ၄။ တာဝန်ယူမှုရှိခြင်း** (Accountability) – အာဆီယံစာရင်းအင်းသည် စာရင်းအင်းဇာစ်မြစ် (Source)နှင့် နည်းပညာပိုင်းဆိုင်ရာ (Methodology) တို့တွင် တိကျရှင်းလင်းပြီး နားလည်လွယ်သည့် ပုံစံအနေဖြင့် ဖော်ပြရန်နှင့်ကန့်သတ်ချက်များ (limitations) ကို ရှင်းလင်းဖော်ပြချက်နှင့်အတူ သင့်လျော်သော အသွင်ပုံစံဖြင့်ဖြန့်ဝေရန်။

**ညွှန်ကိန်းများ**

(၄.၁) အာဆီယံစာရင်းအင်းများကို သင့်လျော်ပြီး လွယ်ကူသည့် ရှင်းလင်းချက်နှင့် အဓိပ္ပာယ်ရှိသော နှိုင်းယှဉ်ချက်များနှင့်အတူ ဖော်ပြခြင်း၊

(၄.၂) စာရင်းအင်း ဇာစ်မြစ်များ၊ နည်းပညာများနှင့် ကန့်သတ်ချက်များကို ပံ့ပိုးပေးခြင်း။

(၄.၃) ထုတ်ဝေပြီးသော စာရင်းအင်းတွင် ရှာဖွေတွေ့ရှိသော အမှားများကို အမြန်ဆုံးမှန်ကန်အောင် ဆောင်ရွက်ပေးပြီး သင့်လျော်စွာ ဆက်သွယ်ဆောင်ရွက်ခြင်း။

(၄.၄) အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားစာရင်းအင်း အာဏာပိုင်အဖွဲ့သည် မှားယွင်းစွာ အသုံးပြုသော စာရင်းအင်းများနှင့် မှားယွင်းသော ရှင်းလင်းချက်များကို သုံးသပ်ရန်လိုအပ်ခြင်း။

(၄.၅) အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံစာရင်းအင်းလုပ်ငန်းအဖွဲ့ (ASEANstats) သို့ ပေးပို့သည့် စာရင်းအင်းများ၊ ညွှန်ကိန်းများအား သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များအား ဆောင်ရွက်စေခြင်းနှင့် ညှိနှိုင်းမှတ်တမ်းနှင့် အစည်းအဝေး မှတ်တမ်းများတွင် မှတ်တမ်းတင်ထားရှိခြင်း။

**အဓိကစည်းမျဉ်း ၅။ စာရင်းအင်းဆိုင်ရာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း (Statistical Cooperation and Coordination)** – စာရင်းအင်းများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ (AMSs) ၏ အမျိုးသားစာရင်းအင်းစနစ်များနှင့် ASEAN စာရင်းအင်းအဖွဲ့များကို တိုးတက်စေရန် ဆောင်ရွက်ရမည်။

**ညွှန်ကိန်းများ**

(၅.၁) အမျိုးသား ပူးပေါင်းဆောင်ရွက်ရေး ယန္တရားသည် အမျိုးသားစာရင်းအင်းစနစ်ကို ဖွံ့ဖြိုးစေပြီး စာရင်းအင်း ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်းတို့တွင် အရည်အသွေးပိုမိုကောင်းမွန်ပြည့်ဝစေခြင်း၊

(၅.၂) အာဆီယံ စာရင်းအင်းတွက်ချက်ရာတွင် အချက်အလက်ဖွံ့ဖြိုးမှု၊ လိုက်လျောညီထွေရှိမှုနှင့် လိုအပ်သည့်စာရင်းအင်းကူညီထောက်ပံ့မှုများကို ပူးပေါင်းဆောင်ရွက်ရေးအတွက် နိုင်ငံ၏အဓိကဆက်သွယ်ရာ Focal Point အဖြစ် အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေး ယန္တရားတည်ရှိခြင်း၊

(၅.၃) နှိုင်းယှဉ်နိုင်သော ASEAN စာရင်းအင်းများကို ပြုစုရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ (AMSs)၊ ASEAN စာရင်းအင်းအဖွဲ့များနှင့် အမျိုးသား စာရင်းအင်း အာဏာပိုင်အဖွဲ့များအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၅.၄) စာရင်းအင်းဆိုင်ရာ ဦးစားပေးလုပ်ငန်းများ ချမှတ်ရာတွင် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ်အား အကြံဉာဏ်ပေးရန် အာဆီယံ ကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအဓိက ပါဝင်ဆောင်ရွက်သူများအတွက် ယန္တရားရှိခြင်း၊

(၅.၅) အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံ စာရင်းအင်းအဖွဲ့များအကြားတွင် အချက်အလက်များ ဖလှယ်ရန်အတွက် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ်တွင်

တိုးတက်များပြားလာသော တောင်းဆိုမှုများအား ဖြည့်ဆည်းပေးနိုင်သည့် အာဆီယံ စာရင်းအင်းများအားဖွံ့ဖြိုးစေခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်းတို့အတွက် ဆက်သွယ်ဆောင်ရွက်ရန် သင့်လျော်သည့် ယန္တရားတည်ရှိခြင်း၊

(၅.၆) နည်းပညာတိုးတက်ရေးအတွက် ဖြစ်နိုင်ခြေရှိပြီး ထိရောက်သည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာစာရင်းအင်း အသိုက်အဝန်းနှင့် အတူပူးပေါင်းဆောင်ရွက်ခြင်း၊

(၅.၇) အရင်းအမြစ်များ သုံးစွဲမှုကို သင့်လျော်စွာဆောင်ရွက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံစာရင်းအင်းများကို အထောက်အပံ့ပြုနေသည့် အလှူရှင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

**(ခ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များ (Statistical Processes)**

**အခြေခံစည်းမျဉ်း ၆။ အရင်းအမြစ်များ လုံလောက်မှုနှင့် ထိရောက်မှုအတွက် ကုန်ကျစရိတ် သက်သာမှု ( Cost Effectiveness and Adequacy of Resources)** – အရင်းအမြစ်များကို လုံလောက်စွာ ရရှိနိုင်ပြီး ထိရောက်အကျိုးရှိစွာအသုံးပြုနိုင်ရန်ဖြစ်သည်။

**ညွှန်ကိန်းများ**

(၆.၁) အာဆီယံစာရင်းအင်းများ ထုတ်လုပ်ဖြန့်ဝေရာတွင် အရင်းအမြစ်များကို ကောင်းစွာ အသုံးပြုနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများရှိခြင်း၊

(၆.၂) အာဆီယံ စာရင်းအင်းအသစ်များအား တောင်းဆိုလာမှုအပေါ် ရရှိအောင် ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်များ ရှိနေသည့်အတွက် ၎င်းကို သင့်လျော်စွာ ညှိနှိုင်းခြင်း၊ အရင်းအမြစ်များကို အခမဲ့မရရှိနိုင်သည့်အခါ ဆက်လက်မဆောင်ရွက်ခြင်း (သို့မဟုတ်) လျှော့ချရန်အတွက် လုပ်ထုံးလုပ်နည်းများ ထားရှိခြင်း၊

(၆.၃) အချက်အလက်များစုဆောင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဝေခြင်းတို့အတွက် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများအား အသုံးပြု၍ ထုတ်လုပ်နိုင်စွမ်းတိုးတက်အောင် ဆောင်ရွက်ခြင်း၊

(၆.၄) လက်ရှိလိုအပ်နေသည့် အာဆီယံစာရင်းအင်းများအား ဖြည့်ဆည်းရန်အတွက် အရည်အသွေးရှိသည့် ဝန်ထမ်းများ လုံလောက်စွာရရှိနိုင်ခြင်း၊ လိုအပ်သော ငွေရေးကြေးရေးနှင့် နည်းပညာအရင်းအမြစ်များ ရရှိနိုင်ခြင်း၊

**အခြေခံမူ ၇။ မေးခွန်းတုံ့ပြန်ဖြေကြားသူ၏ ဝန်ထုပ်ဝန်ပိုးအားလျှော့နည်းစေခြင်း (Reduced Respondent Burden) –** အစီရင်ခံစာ တင်ပြရာတွင် အသုံးပြုသူများ၏ လိုအပ်ချက်များနှင့် မျှတမှု ရှိသင့်ပြီး အချက်အလက်များရယူရာတွင် မေးခွန်းတုံ့ပြန် ဖြေကြားသူများ(respondents) အတွက်လည်း ဝန်ထုပ်ဝန်ပိုး မဖြစ်သင့်ပါ။

**ညွှန်ကိန်းများ**

(၇.၁) အာဆီယံစာရင်းအင်းတွင် အချက်အလက်အသုံးပြုသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် အာဆီယံစာရင်းအင်းများအပေါ် အတိုင်းအတာနှင့် တောင်းဆိုချက်အသေးစိတ်များသည် အကန့်အသတ်ဖြင့် တည်ရှိနေခြင်း၊

(၇.၂) သတင်းအချက်အလက်များအား နှစ်ကြိမ်မေးမြန်းခြင်းကို ရှောင်ရှားနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(၇.၃) အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားစာရင်းအင်း အာဏာပိုင်အဖွဲ့များသည် တူညီသော စစ်တမ်းများ အကြိမ်ကြိမ်ကောက်ယူခြင်းကို ရှောင်ရှားရန်အတွက် အချက်အလက်များ မျှဝေအသုံးပြုခြင်းအား တိုးမြှင့်ဆောင်ရွက်ခြင်း၊

(၇.၄) စစ်တမ်းအသစ်များကို မကောက်ယူမီ လိုအပ်သော ခန့်မှန်းအချက်အလက်များအား ဖြည့်စွက်ဇယားများ (သို့မဟုတ်) စာရင်းအင်းနည်းပညာများကို အသုံးပြု၍ လက်ရှိအချက်အလက်ဇာစ်မြစ်များကို ဆန်းစစ်ဆောင်ရွက်ခြင်း၊

**(ဂ) စာရင်းအင်း ရလာဒ်များ (Statistical Output)**

**အခြေခံမူ ၈။ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ကတိကဝတ် (Commitment to Quality) –** အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားစာရင်းအင်းအာဏာပိုင်အဖွဲ့များနှင့် အာဆီယံ စာရင်းအင်းအဖွဲ့များ (ASEANStats) သည် အာဆီယံစာရင်းအင်းများ အရည်အသွေးပြည့်ဝစေရန် ပုံမှန်သုံးသပ်ခြင်း၊ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် ထုတ်လုပ်မှု အရည်အသွေးကို မြှင့်တင်ခြင်းအတွက် ကတိကဝတ်ထား ဆောင်ရွက်ရမည်။ အာဆီယံ စာရင်းအင်းများအတွက် အရည်အသွေးပြည့်ဝရေးဆိုင်ရာ ရှုထောင့်များအဖြစ် ဆက်စပ်ပတ်သက်မှု၊ ယုံကြည်အားထားရမှု၊ အချိန်မီရရှိနိုင်မှု ၊ နှိုင်းယှဉ်နိုင်မှု ၊ သတင်းအချက်အလက်ရရှိနိုင်မှုတို့ဖြင့် တိုင်းတာနိုင်သည်။

**ညွှန်ကိန်းများ**

(၈.၁) **ဆက်စပ်ပတ်သက်မှု (Relevance)** – အာဆီယံ အသိုက်အဝန်း လမ်းပြမြေပုံနှင့် အသုံးပြုသူ– ထုတ်လုပ်သူအကြား ဆွေးနွေးညှိနှိုင်းမှုများအား ထင်ဟပ်စေသည့် စာရင်းအင်းဆိုင်ရာ လိုအပ်ချက်များကို အာဆီယံ အသိုက်အဝန်း စာရင်းအင်း စနစ်မှ လမ်းညွှန်ပေးခြင်း၊

(၈.၂) **ယုံကြည်အားထားရမှု (Reliability)** – စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ ထုတ်လုပ်မှုများ၏ အရည်အသွေးကို ပုံမှန်သုံးသပ်ခြင်းနှင့် တိုးတက်စေရန် လေ့လာ စောင့်ကြည့်သည့် ယန္တရား ထားရှိခြင်း။

(၈.၃) **အချိန်ကိုက်ရရှိနိုင်မှု (Timeliness)** – အမျိုးသားအဆင့်နှင့် အာဆီယံ ဒေသတွင်း နိုင်ငံများအဆင့်တွင် အာဆီယံစာရင်းအင်းများ ထုတ်ဝေရေးအတွက် အချိန်ဇယား သတ်မှတ်၍ ကာလအပိုင်းအခြားအလိုက် အသုံးပြုသူများ၏ လိုအပ်ချက်နှင့်အညီ စာရင်းအင်းများ ထုတ်ဝေခြင်း၊

(၈.၄) **နှိုင်းယှဉ်နိုင်မှု (Comparability)** – အာဆီယံစာရင်းအင်းများသည် အခြားနိုင်ငံ များနှင့် နှိုင်းယှဉ်နိုင်မှုရှိရမည်။ အမျိုးသားအဆင့် စာရင်းအင်း အမျိုးအစားခွဲခြားမှု စနစ်နှင့် အာဆီယံအဆင့် စာရင်းအင်း အမျိုးအစား ခွဲခြားမှုစနစ်တို့သည် အပြည် ပြည်ဆုိင်ရာ စံသတ်မှတ်ချက်များနှင့် လိုက်လျောညီထွေရှိစေခြင်း၊

(၈.၅) **သတင်းအချက်အလက်ရရှိနိုင်မှု (Accessibility)** – အာဆီယံစာရင်းအင်းများကို ခေတ်မီသော သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ ခေတ်မီနည်းပညာများဖြင့် လည်းကောင်း၊ စာအုပ်စာတမ်းများဖြင့် လည်းကောင်း စာရင်းအင်းအဖွဲ့များက ထုတ်ဝေခြင်း၊

**အမျိုးသား စာရင်းအင်းစနစ်ဆိုင်ရာ မူဝါဒအား အကောင်အထည်ဖော်ဆောင်မည့် ယန္တရား (Mechanism for the Policy of National Statistical System)**

၁၉။ အစိုးရမှ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးရေးအတွက် အမျိုးသားစာရင်းအင်း ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (NSDS) ဖော်ဆောင်ရန် လုပ်ငန်းစဉ်များကို လမ်းညွှန်ပေးရန် စာရင်းအင်း အချက် အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီမှ ဦးဆောင်မည် ဖြစ်သည်။ စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး (ဗဟို) ကော်မတီ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြထားပါသည်။

၂၀။ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာ (NSDS) ဖော်ဆောင်ရေးကော်မတီကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် စာရင်းအင်းနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်သည်။ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာ (NSDS) ဖော်ဆောင်ရေးကော်မတီ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို နောက်ဆက်တွဲ (ခ) ဖြင့် ဖော်ပြထားပါသည်။

၂၁။ ကော်မတီသည် ယင်း၏လုပ်ငန်းတာဝန်များ အဆင်ပြေစေရန် သီးခြားကိစ္စများနှင့် ကဏ္ဍအလိုက် စာရင်းအင်းများကို မဟာဗျူဟာအရ လက်တွေ့အကောင်အထည်ဖော်ရန် လုပ်ငန်းအုပ်စုများ (Cluster Working Groups) ဖွဲ့စည်း၍ အဆိုပါလုပ်ငန်းအုပ်စုများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းရပါမည်။

၂၂။ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့တို့သည် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

၂၃။ မြန်မာနိုင်ငံစာရင်းအင်းဥပဒေအရ– “ဗဟိုစာရင်းအင်းအဖွဲ့သည် မြန်မာနိုင်ငံ၏ အမျိုးသားစာရင်းအင်းဆိုင်ရာ အာဏာပိုင်အဖွဲ့ ဖြစ်စေရမည်။ အဆိုပါအဖွဲ့သည် စာရင်းအင်းဆိုင်ရာမူဝါဒနှင့် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for the Development of Statistics –NSDS) အကောင်အထည်ဖော်ရေးအတွက် ရပ်တည်ဆောင်ရွက်ရမည်။ စာရင်းအင်းဆိုင်ရာ အကြီးအမှူးသည် ဗဟိုစာရင်းအင်းအဖွဲ့ကို ဦးဆောင်ရမည်။ ဗဟိုစာရင်းအင်းအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်သည် စာရင်းအင်းဆိုင်ရာအကြီးအမှူး (Chief Statistician) ဖြစ်သည်”ဟု ဖော်ပြပါဝင်သည်။

၂၄။ ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များရှိ ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲများအကြား စာရင်းအင်းအချက်အလက်ပေးပို့ရန် ကွန်ယက် (Data Communication Network) ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် စုစည်းထိန်းသိမ်းထားရှိခြင်း၊ စာရင်းအင်းဆိုင်ရာအချက်အလက်များကို အီလက်ထရွန်နစ်အချက်အလက် ဝန်ဆောင်မှုစနစ် ထူထောင်ခြင်းနှင့် လျှို့ဝှက်ကိစ္စရပ်မှအပ ထုတ်ပြန်သင့်သည့် စာရင်းအင်းများကို ဗဟိုစာရင်းအင်းအဖွဲ့မှ ဖြန့်ဝေခြင်း၊ စာရင်းအင်းများပြုစုရာတွင် စာရင်းအင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့်အရည်အသွေးကို မြှင့်တင်

ရန် သင်ရိုးညွှန်းတမ်းများ ရေးဆွဲဆောင်ရွက်ခြင်း၊ စာရင်းအင်းဆိုင်ရာ နည်းပညာ ဖွံ့ဖြိုးရေး သင်တန်းများ ဖွင့်လှစ်ခြင်းတို့ကိုလည်း ဆောင်ရွက်ရမည် ဖြစ်သည်။

**အမျိုးသားစာရင်းအင်းဆိုင်ရာမူဝါဒအား အကောင်အထည်ဖော်ဆောင်မည့်သူများ**

**(Stakeholders to implement for the Policy of National Statistical System)**

၂၅။ စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟို ကော်မတီမှ ချမှတ်ထားသော စာရင်းအင်းဆိုင်ရာမူဝါဒများကို ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရနှင့် အစိုးရအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အိမ်ထောင်စု၊ သမဝါယမ၊ ဖက်စပ်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီများအပါအဝင် ပုဂ္ဂလိက စီးပွားရေး အဖွဲ့ အစည်းများနှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့မှ အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်သည်။

၂၆။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ တို့အကြား ထိရောက်သော စာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ထွန်းလာစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များ၊ မြို့နယ်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် စာရင်းအင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန် အခွင့် အာဏာပေးအပ်ထားရမည် ဖြစ်သည်။

၂၇။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အမျိုးသားစာရင်းအင်းစနစ် အကောင်အထည်ဖော် ဆောင်ရာတွင် အဓိကပါဝင်ပတ်သက်သူများ (Main Stakeholders) အဖြစ် ဆောင်ရွက်ရမည် ဖြစ်သည်။ ဝန်ကြီးဌာနများသည် သက်ဆိုင်ရာကဏ္ဍအလိုက် စာရင်းအင်းများကို ပြုစုရမည့်အပြင် တည်ဆဲဥပဒေများ၌ သတ်မှတ်ဖော်ပြထားသော သီးခြားညွှန်ကြားချက်များအရ ကဏ္ဍအလိုက် အချက်အလက်များကို သန်းခေါင်စာရင်းများ၊ စစ်တမ်းများ၊ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများမှ ကောက်ယူစုဆောင်း၍ တရားဝင်စာရင်းအင်းများကို အဆိုပါအချက်အလက် ရင်းမြစ်များမှ ထုတ်နုတ်ရမည်။

၂၈။ ဝန်ကြီးဌာနများသည် စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည် အသွေး ပြည့်ဝရေးကော်မတီမှ အတည်ပြုထားသော တရားဝင်စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ် နှင့်အညီ အရည်အသွေးပြည့်ဝသော သက်ဆိုင်ရာစာရင်းအင်းများကို ပြုစုခြင်းနှင့် ဖြန့်ဝေခြင်း တို့တွင် ဗဟိုစာရင်းအင်းအဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်။

**"စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ" ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (Developing National Strategy for the Development of Statistics and Implementation)**

၂၉။ မြန်မာနိုင်ငံ စာရင်းအင်းစနစ်တစ်ရပ်လုံးတွင် စာရင်းအင်းစွမ်းရည်ခိုင်မာရေးအတွက် မူဘောင် ချမှတ်ပေးမည်ဖြစ်သည်။ ထို့အပြင် ကာလလတ်မှ ကာလရှည်တွင် ရှိနေမည့် ဤစနစ်၏ မျှော်မှန်းချက် (Vision)၊ ဆောင်ရွက်ရန်လုပ်ငန်းတာဝန်များ (Mission) နှင့် မှတ်တိုင်များ (Milestones) ကိုလည်း ချမှတ်ရန် လိုအပ်မည်ဖြစ်ပါသည်။

၃၀။ ဗဟိုစာရင်းအင်းအဖွဲ့သည် မြန်မာနိုင်ငံ၏ အမျိုးသားစာရင်းအင်းဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းဖြစ်ပြီး စာရင်းအင်းဆိုင်ရာမူဝါဒနှင့် စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for the Development of Statistics–NSDS) အကောင်အထည်ဖော်ရေးအတွက် ရပ်တည်ဆောင်ရွက်မည်ဖြစ်သည်။ စာရင်းအင်းဆိုင်ရာ အကြီးအမှူးသည် ဗဟိုစာရင်းအင်းအဖွဲ့ကို ဦးဆောင်ရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဗဟိုစာရင်းအင်းအဖွဲ့၏ မျှော်မှန်းချက် (Vision) နှင့် ဆောင်ရွက်ရန်လုပ်ငန်းတာဝန်များ (Mission) သည်လည်း စာရင်းအင်းဥပဒေနှင့် မူဝါဒများကို ထင်ဟပ်စေရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ဗဟိုစာရင်းအင်းအဖွဲ့၏ မျှော်မှန်းချက် (Vision) နှင့် ဆောင်ရွက်ရန်လုပ်ငန်းတာဝန်များ (Mission) ကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်–

**ဗဟိုစာရင်းအင်းအဖွဲ့၏ ရည်မှန်းချက် (Vision of Central Statistical Organization)**

၃၁။ စာရင်းအင်း အရည်အသွေး ပြည့်ဝစေရေးနှင့် ပြည့်စုံတိကျ မှန်ကန်စေရေးအတွက် လူမှု – စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ ညွှန်ကိန်းများကို ပြည့်စုံအောင် တွက်ချက် ဆောင်ရွက်နိုင်သည့် အမျိုးသားစာရင်းအင်းစနစ် ပေါ်ပေါက်လာစေရန်။

**ဗဟိုစာရင်းအင်းအဖွဲ့၏ ဆောင်ရွက်ရန်လုပ်ငန်းတာဝန်များ (Mission of Central Statistical Organization)**

၃၂။ ဗဟိုစာရင်းအင်းအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အသစ်ပြဋ္ဌာန်းမည့် မြန်မာနိုင်ငံစာရင်းအင်းဥပဒေနှင့်အညီ စာရင်းအင်း ကောက်ယူစုစည်းမှုဆိုင်ရာ အခွင့်အာဏာသက်ရောက်မှု ထိရောက်ကျယ်ပြန့်လာစေရန်၊ အဆိုပါ စာရင်းအင်းဥပဒေအရ ယုံကြည်ကိုးစားနိုင်သည့် ခိုင်မာ၍ အရည်အသွေးရှိသော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ စုစည်းကောက်ယူနိုင်ရန်နှင့် စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ ( National Strategy for Development of Statistics–NSDS) ဖော်ဆောင်၍ အကောင်အထည်ဖော်ဆောင်သွားမည့်လုပ်ငန်းများ ကျယ်ပြန့်စွာတိုးမြှင့်၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်၊

(ခ) မြန်မာနိုင်ငံအမျိုးသား စာရင်းအင်းစနစ် ပေါ်ပေါက်နိုင်စေရေးအတွက် တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော နှစ်စဉ်စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် ကာလတို၊ ကာလရှည် စီမံချက်များကို ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူများအား ပေါင်းစပ်ညှိနှိုင်းရန်၊

(ဂ) စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသော အခြေခံစည်းမျဉ်းများနှင့် အညီ စာရင်းအင်းဆိုင်ရာစံနှုန်းများ သတ်မှတ်နိုင်ရေးနှင့် အဆိုပါ စံနှုန်းများကိုက်ညီစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ၊

(ဃ) သတ်မှတ်ထားသောစံနှုန်းများနှင့် ကိုက်ညီသောစာရင်းအင်းများ ပြုစုရာတွင် မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ကြသည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ဆောင်ရွက်ထားသည့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များအား လေ့လာစိစစ်အကဲဖြတ်ရန်၊

(င) စာရင်းအင်း ရလာဒ်များကို မှားယွင်းဖော်ပြခြင်းမှ ရှောင်ရှားနိုင်ရေးအတွက် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့်နည်းပညာဆိုင်ရာ အကူအညီနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအချက်အလက် ပြုစုထုတ်ပြန်သူများ၊ စာရင်းအင်းဆိုင်ရာ အချက်အလက် အသုံးပြုသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊

(စ) တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော လုပ်ငန်းအစီအစဉ်များနှင့်အညီ မူလစာရင်းအင်းအချက်အလက်များ ကောက်ယူရန်နှင့် လူမှု – စီးပွားဆိုင်ရာ စစ်တမ်းများ ကောက်ယူရန်အတွက် မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊

(ဆ) ဗဟိုစာရင်းအင်းအဖွဲ့သည် စာရင်းအင်းအချက်အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ၏ အတွင်းရေးမှူးရုံး (Secretariat) အဖြစ်ဆောင်ရွက်ရန်၊

(ဇ) အမျိုးသားစာရင်းအင်းစနစ်၏ တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော အစီအစဉ်နှင့် စာရင်းအင်းအချက်အလက်များကို ဖြန့်ဝေခြင်း၊ စီမံချက်များ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို လေ့လာစိစစ်ကြီးကြပ်ရန် ၊

(ဈ) အရည်အသွေးပြည့်ဝ၍ တိကျမှန်ကန်သော စာရင်းအင်း ကိန်းဂဏန်း အချက်အလက်များအား ကောက်ယူစုစည်းနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များတွင် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်ရန်၊ ၎င်းရုံးခွဲများအကြား စာရင်းအင်းအချက်အလက်ပေးပို့ရန် ကွန်ယက် (Data Communication Network) ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် စုစည်းထိန်းသိမ်းထားရှိရန်၊

(ည) တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သည့် စာရင်းအင်းလုပ်ငန်းစဉ်များကို ပြည်ထောင်စုအဆင့်၊ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ရှိ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဋ) စာရင်းအင်းဆိုင်ရာ အချက်အလက်များကို အီလက်ထရွန်နစ် အချက်အလက်ဝန်ဆောင်မှုစနစ်ထူထောင်၍ လျှို့ဝှက်ကိစ္စရပ်မှအပထုတ်ပြန်သင့်သည့် စာရင်းအင်းများကို အများပြည်သူ အပါအဝင် စာရင်းအင်းအချက်အလက် အသုံးပြုသူများသို့ ဗဟိုစာရင်းအင်းအဖွဲ့မှ ဖြန့်ဝေရန်၊ တရားဝင်စာရင်းအင်း များနှင့် သက်ဆိုင်သော လုပ်ငန်းအစီအစဉ်နှင့်အညီ စာရင်းအင်းအချက်အလက် ဖြန့်ဝေရန်၊ စီမံချက်နှင့်အညီ စာရင်းအင်းအချက်အလက်များအားလုံးကို သတင်း ကဏ္ဍမျိုးစုံမှတစ်ဆင့် ဖြန့်ဝေခြင်းတို့ကို ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဌ) စာရင်းအင်းများပြုစုရာတွင် စာရင်းအင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် အရည်အသွေးကို မြှင့်တင်ရန် သင်ရိုးညွှန်းတမ်းများ ရေးဆွဲဆောင်ရွက်ရန်နှင့် စာရင်းအင်းနည်းပညာ ဖွံ့ဖြိုးရေး သင်တန်းများ ဖွင့်လှစ်ရန်၊

(ဍ) မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်သော အချက်အလက်များအား နည်းလမ်းတကျဖြင့် ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်သော ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ သုတေသနများ ဆောင်ရွက်ခြင်း၊ စာရင်းအင်းထုတ်ပြန်မှု အရည်အသွေးကို အကဲ ဖြတ်ခြင်း၊ လေ့လာစိစစ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းများဆောင်ရွက်ရန်၊

(ဎ) စာရင်းအင်းဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခေတ်နှင့် လျော်ညီသည့် လိုအပ်ချက်အပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဏ) ခေတ်မီ စာရင်းအင်းနည်းပညာများ အသုံးပြုနိုင်ရေး၊ ခေတ်မီစာရင်းအင်းဆိုင်ရာ ဆော့(ဖ်)ဝဲများ အသုံးချနိုင်ရေးနှင့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးရန်၊

(တ) မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ သုတေသနပြုသူများနှင့် အခြား စာရင်းအင်း အသုံးပြုသူများအတွက် စာရင်းအင်းဆိုင်ရာ စာအုပ်၊ စာစောင်များကို ထုတ်ဝေဖြန့်ဖြူးရန်၊

**"စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ" ၏ နယ်ပယ် (Scope of the NSDS)**

၃၃။ မြန်မာနိုင်ငံတွင် စာရင်းအင်းအရည်အသွေး တိုးတက်စေရေးနှင့် အခြားနိုင်ငံများမှ ဆောင်ရွက်လျက်ရှိသော စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (NSDS) မူဘောင်များအား လေ့လာကာ မိမိနိုင်ငံ၏ လက်ရှိ စာရင်းအင်းနှင့် အချက်အလက်များအပေါ် သုံးသပ်ခြင်း၊ စာရင်းအင်းဆိုင်ရာ တိုးတက်ရေးဆောင်ရွက်မည့် နယ်ပယ်များဖော်ထုတ်ခြင်းတို့ ဆောင်ရွက်ပါမည်။

၃၄။ မြန်မာနိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ် မြန်ဆန်တိုးတက်လာစေရန်နှင့် စာရင်းအင်း အရည်အသွေး တိုးတက်ခိုင်မာလာစေရန် အတွက် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (NSDS) ဖော်ဆောင်နိုင်ရေးအတွက် အကြမ်းအားဖြင့် အောက်ဖော်ပြပါ လုပ်ငန်း ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ (၆) ဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်သည်။ လက်တွေ့ဆောင်ရွက်နိုင် မှုအပေါ်မူတည်၍ လိုအပ်သလို ထပ်မံပြုပြင်ဖွဲ့စည်းနိုင်ပါသည်။

(က) တစ်မျိုးသားလုံးဆိုင်ရာ စာရင်းအင်းများလုပ်ငန်းအဖွဲ့၊ (National Account Statistics Cluster)

(ခ) စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့၊ (Survey Coordination and statistical standard Cluster)

(ဂ) လူမှုရေးဆိုင်ရာ စာရင်းအင်းများနှင့် မွေးဖွားမှုနှင့်သေဆုံးမှုဆိုင်ရာ စာရင်းအင်းများ လုပ်ငန်းအဖွဲ့၊ (Social and Vital Statistics Cluster)

(ဃ) စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဆိုင်ရာ စာရင်းအင်းများ လုပ်ငန်းအဖွဲ့၊ (Agriculture and Rural Sector Statistics Cluster)

(င) စွမ်းအင်နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသော စာရင်းအင်းလုပ်ငန်းအဖွဲ့ (Energy and Environment Statistics Cluster) နှင့်

(စ) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာရင်းများလုပ်ငန်းအဖွဲ့ (Trade and Investment Sector Statistics) များအားလည်း ဖွဲ့စည်းနိုင်ခဲ့ပြီး ToR များ ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အစည်းအဝေးများ ကျင်းပ၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၃၅။ ဗဟိုထိန်းချုပ်မှုလျှော့ချသည့် စာရင်းအင်းစနစ် (Decentralized Statistical System) အား ပိုမိုထိရောက်မှုရှိစေရန်အတွက် ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် နိုင်ငံ၏ စာရင်းအင်းဆိုင်ရာအဖွဲ့အစည်းအနေဖြင့်သာမက စာရင်းအင်းအချက်အလက်များကို ညှိနှိုင်းဆောင်ရွက်သူ အနေဖြင့်ပါ ပိုမိုလုပ်ဆောင်နိုင်ရန်၊ စာရင်းအင်းအသုံးပြုသူနှင့် စီစဉ်ထောက်ပံ့ပေးသူအကြား ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်စေရန်၊ အဓိကကျသည့် စာရင်းအင်းထုတ်လုပ်မှု အစီအစဉ်များကို ပိုမိုတိုးတက်ကောင်းမွန်စေရေး ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်။

၃၆။ မိမိတို့နိုင်ငံအတွက် အရေးပါပြီး တိုးတက်ရန်လိုအပ်လျက်ရှိသော အဓိကကျသည့် စာရင်းအင်း ထုတ်လုပ်မှု အစီအစဉ် (၁၂) ခုတို့အား အောက်ပါနယ်ပယ်များအတိုင်း သတ်မှတ်ပြဋ္ဌာန်းဆောင်ရွက်နိုင်ပါသည်-

(က) တစ်မျိုးသားလုံးဆိုင်ရာစာရင်းနှင့်မေခရိုစီးပွားရေးဆိုင်ရာစာရင်းအင်းများ (National Accounts and Macro-economic Statistics)

(ခ) ဈေးနှုန်းစာရင်းအင်းများ (System of Prices)

(ဂ) စက်မှု၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာရင်းအင်းများ (Industry, Tourism, Investment Statistics)

(ဃ) လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဆိုင်ရာ စာရင်းအင်းများ (Agricultural and Rural Sector Statistics)

(င) ကုန်သွယ်ရေး စာရင်းအင်းများ(Trade Statistics)

(စ) လူဦးရေနှင့် လူဦးရေဆိုင်ရာ စာရင်းအင်းများ (Demographic and Population Statistics)

(ဆ) လူမှုရေးနှင့် အလုပ်သမားဆိုင်ရာစာရင်းအင်းများ( Social and labour Statistics )

(ဇ) ပြည်သူ့ရေးရာမှတ်ပုံတင်ခြင်းနှင့် ဖွားသေစာရင်းအင်းများ(Civil Registration and Vital Statistics )

(ဈ) ကျန်းမာရေးဆိုင်ရာစာရင်းအင်းများ (Health Statistics)

(ည) ပညာရေးဆိုင်ရာ စာရင်းအင်းများ (Education Statistics)

(ဋ) စွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာရင်းအင်းများ (Energy and Environmental Statistics)

( ဌ) ပထဝီအနေအထားအလိုက် နယ်မြေဒေသဆိုင်ရာ သတင်းအချက်အလက် (Geocoding and Geospatial Information) တို့ ဖြစ်ပါသည်။ ဆောင်ရွက်မည့်နယ်ပယ်များကို လိုအပ်သလို တိုးချဲ့ဆောင်ရွက်နိုင်ပါသည်။

**" စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (NSDS) " ဖော်ဆောင်ရေး မူဝါဒ ( Implementation Policy of NSDS)**

၃၇။ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (NSDS) ဖော်ဆောင်ရေး မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စာရင်းအင်း အရည်အသွေးအကဲဖြတ်မှုဘောင် (Statistical Quality Assessment Framework)၏ ညွှန်ကိန်းများနှင့်အညီ စိစစ်ထားသော အချက်အလက်များ ဖြစ်ရန်၊

(ခ) အချက်အလက်များ၏အရည်အသွေးတိုင်းတာမှုဆိုင်ရာ ကျင့်သုံးထားသည့် အခြေခံ အယူအဆများနှင့်နည်းစနစ်များနှင့်ကိုက်ညီစေရန်(Concepts/ Methodologies)၊

(ဂ) စာရင်းအင်း တွက်ချက်မှုများသည် ပြည့်စုံရှင်းလင်းသည့် အရည်အသွေးဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများကိုရည်ညွှန်းကိုးကားရန် (Documentation)၊

(ဃ) မူဝါဒပါ လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်များသည် နိုင်ငံတကာလုပ်ငန်းစဉ်များ၊ နိုင်ငံတကာစံနှုန်းများ (Procedures and Standards) နှင့် ကိုက်ညီရန် ၊

(င) မူဝါဒဆိုင်ရာ လိုအပ်ချက်များမှ ကင်းလွတ်ခွင့်ရှိသော အထူးအခြေအနေများ (Exemption) ကို ဥပဒေတွင် ရှင်းလင်းစွာဖော်ပြရန် ၊

(စ) ပြင်ပ သတင်းအချက်အလက်များကို အသုံးပြုပါက ယင်းအချက်အလက်များ၏ အရည်အသွေးကို သုံးစွဲသူများမှ အကဲဖြတ်ခွင့်ရရှိစေရန်အတွက် ယင်းစာရင်းအင်းများကို ရရှိသည့် ဇာစ်မြစ် ၊ Website နှင့် ထုတ်ပြန်သည့် ကာလတို့ကို တိကျစွာ ဖော်ပြရန် ၊

**နည်းပညာ အကူအညီရယူခြင်း (Technical Assistance)**

၃၈။ မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာတိုင်အောင် နိုင်ငံတကာ ပိတ်ဆို့မှုများစွာဖြင့် သီးသန့်ဖြစ်တည်နေခဲ့ရာ မြန်မာနိုင်ငံ၏ စာရင်းအင်းများသည် ယနေ့ နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်မှုအားနည်းခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် လိုက်လျောညီထွေရှိသော စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ (NSDS) ကို ဆောင်ရွက်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှ ဖွံ့ဖြိုးရေး ဘဏ် နှင့် အခြားဖွံ့ဖြိုးမှု မိတ်ဖက်များထံမှ နည်းပညာအကူအညီရယူဆောင်ရွက်ရန် ဖြစ်သည်။

**တာဝန်များ (Responsibility)**

၃၉။ စာရင်းအင်းဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည် –

**(က) ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ တာဝန်များ**

စာရင်းအင်းဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ပုဂ္ဂိုလ်များသည် လက်ရှိစာရင်းအင်း ထားသိုမှုနှင့် နည်းစနစ်များအား သုံးသပ်ပြီး

အတိုင်ပင်ခံ ပုဂ္ဂိုလ်များနှင့် အပြန်အလှန် ဆွေးနွေး၍ အကြံပြု တိုက်တွန်းချက်များအား ထည့်သွင်းစဉ်းစားလျက် စာရင်းအင်းဆိုင်ရာနည်းစနစ်များကို မြှင့်တင်ရန်အတွက် ချက်ချင်း စတင်ဆောင်ရွက်ရမည်။

**(ခ) နည်းပညာနှင့်စံသတ်မှတ်ချက်ခွဲဝေခြင်းတာဝန်များ**

စာရင်းအင်းဝန်ထမ်းများသည် အသိအမှတ်ပြု လက်ခံထားသော စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့် နည်းပညာများအား လေ့လာသင်ယူ၍ စာရင်းအင်းဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည် အသုံးပြုရမည်။

**အချက်အလက်အရည်အသွေးအဓိပ္ပါယ် (Definition of data quality)**

၄၀။ အချက်အလက်အရည်အသွေးအဓိပ္ပါယ် မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) သတင်းအချက်အလက်များ၏စပ်ဆိုင်မှု (Relevance)**

စာရင်းကောက်ယူသော နယ်ပယ်၊ လွှမ်းခြုံနိုင်မှု၊ ညွှန်ကိန်းများ၏ ယုံကြည် ကိုးစားနိုင်မှုအဆင့်၊ စာရင်းအင်းရရှိသော ဇာစ်မြစ်၊ စာရင်းအင်း ကောက်ယူမှုနည်းလမ်းများ (Meta Data) နှင့် ဖော်ပြရမည် ဖြစ်ပါသည်။

**(ခ) သတင်းအချက်အလက်များ၏တိကျမှု (Accuracy)**

စာရင်းအင်းပြည့်စုံမှု၊ စစ်တမ်းကောက်ယူမှုများတွင် စာရင်းစဉ်၊ လွှမ်းခြုံမှု နယ်ပယ်၊ စာရင်းကောက်နည်းလမ်း၊ နမူနာရွေးချယ်မှုနှင့် ထုတ်ပြန်ထားသော စာရင်းအင်းညွှန်ကိန်းများ၏ စံတိမ်းချက်နှင့် ကွဲလွဲချက်တို့ကို တွက်ချက် ဖော်ပြရန်လိုအပ်ပါသည်။

**(ဂ) အချိန်ကိုက်ရရှိနိုင်မှု (Timeliness)**

စာရင်းအင်းများကို အချိန်နှင့် တစ်ပြေးညီထုတ်ပြန်နိုင်ရန် လိုအပ်ပါသည်။ သို့မှသာ တန်ဖိုးရှိသော လက်ရှိဖြစ်ပေါ်နေမှုကို ထင်ဟပ်ဖော်ပြနိုင်သော စာရင်းအင်းများ ရရှိမည်ဖြစ်ပါသည်။

**(ဃ) သတင်းအချက်အလက်များရယူရန်လွယ်ကူမှု (Accessibility)**

သတင်းအချက်အလက်များရယူရန် လွယ်ကူမှုရှိစေရန်အတွက် စာရင်းအင်းအားလုံးကို Internet Website ပေါ်တွင်လည်းကောင်း၊ စာရင်းအင်း

စာစောင်များနှင့်အခြားသော မီဒီယာများမှ တစ်ဆင့်သော်လည်းကောင်း စာရင်းအင်းများကို ဖြန့်ဝေခြင်းနှင့် စာရင်းအင်းသုံးစွဲသူများ၊ သုတေသန ပြုလုပ်သူများအတွက် စာရင်းအင်းရရှိနိုင်မည့် ရုံးနေရာနှင့် စာရင်းအင်း စာကြည့်တိုက်တို့ကိုလည်း ဖော်ပြအသိပေးရန်လိုအပ်မည်ဖြစ်ပါသည်။

**(င) အဓိပ္ပါယ်ဖွင့်ဆိုမှု (Interpretability)**

အဓိပ္ပါယ်ဖွင့်ဆိုမှုဆိုရာတွင် စာရင်းအင်းညွှန်ကိန်းများကို အများပြည်သူ နားလည်စေရန်အတွက် တိကျစွာ ရှင်းလင်းဖော်ပြရမည် ဖြစ်ပါသည်။

**(စ) အခြားသတင်းအခြေအမြစ်များနှင့် သဘာဝယုတ္တိကျစွာ ဆက်စပ်ထားနိုင်မှု (Coherence)**

အခြား သတင်းအခြေအမြစ်များနှင့် သဘာဝယုတ္တိကျစွာ ဆက်စပ်ထား နိုင်မှုကို ဖော်ပြနိုင်ရန်အတွက် အချိန်ကာလအလိုက် စာရင်းအင်းများ၊ အခြားဌာနများမှ ကောက်ယူခဲ့သော အကြောင်းအရာတူ စာရင်းအင်းများ ကို နှိုင်းယှဉ်၍ ဆန်းစစ် လေ့လာသုံးသပ် ဖော်ပြရပါမည်။

**(ဆ) သတင်းအချက်အလက်ပြုစုခြင်းဆိုင်ရာနည်းလမ်းခိုင်မာမှု (Methodological Soundness)**

သတင်းအချက်အလက် ပြုစုခြင်းဆိုင်ရာ နည်းလမ်းခိုင်မာမှုရှိစေရန်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကျွမ်းကျင်မှု ရှိရန် လိုအပ်ခြင်း၊ သတင်းအချက်အလက်၊ ပညာရေးနှင့် အထောက်အကူ ပြုပစ္စည်းများ ပြည့်စုံရန် လိုအပ်ခြင်း၊ တိကျသော စာရင်းကောက်ယူမှု နည်းလမ်းများ အသုံးပြုရန် လိုအပ်မည် ဖြစ်ပါသည်။

**(ဇ) သတင်းအချက်အလက်များ၏ ယုံကြည် အားထားနိုင်မှု (Integrity)**

သတင်းအချက်အလက်များ၏ ယုံကြည်အားထားနိုင်မှု ရှိစေရန် သတင်း အချက်အလက်များသည် မှန်ကန်မှု၊ တိကျမှု၊ အချိန်နှင့်တစ်ပြေးညီ ထုတ် ပြန်နိုင်မှု ရှိရမည်။

## လုပ်ထုံးလုပ်နည်းနှင့်စံနှုန်းများ (Procedures and Standards)

၄၁။ စာရင်းအင်းနယ်ပယ်တစ်ခုစီအတွက် သက်ဆိုင်သည့် နိုင်ငံတကာမှ ကျင့်သုံးလျက် ရှိသည့် လုပ်ထုံးလုပ်နည်းနှင့်စံနှုန်းများကို UN ၏ စာရင်းအင်းအခြေခံမူများ(The Fundamental Principles of Official Statistics) အရနှင့် အာဆီယံ အသိုက်အဝန်းစာရင်းအင်းစနစ်တွင် အသုံးပြုသည့် လုပ်ထုံးလုပ်နည်းစနစ် (ASEAN Community Statistical System – ACSS Code of Practice) အရ စာရင်းအင်းအချက်အလက်ဆိုင်ရာ အရည်အသွေးများ၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီစေရေး တစ်ဆင့်ပြီးတစ်ဆင့် လိုက်နာကျင့်သုံးရန် သတ်မှတ်ဖော်ပြရန် ဖြစ်ပါသည်။

## နိဂုံး (Conclusion)

၄၂။ မူဝါဒများအား ကြီးကြပ်ခြင်း၊ အကဲဖြတ်ခြင်း၊ ဖွံ့ဖြိုးမှု စီမံကိန်းရေးဆွဲခြင်းနှင့် လိုအပ်ချက်များကို စောင့်ကြည့်အကဲခတ်ခြင်းတို့ကို အထောက်အကူပြုရန် အရည်အသွေးကောင်းသော စာရင်းအင်းများ လိုအပ်ကြောင်းကို မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒလေးရပ်တွင် ထည့်သွင်းဖော်ပြထားပါသည်။ **စာရင်းအင်းအရည်အသွေး ပြည့်ဝစေရေးနှင့် စာရင်းအင်းစနစ် ပြည့်စုံတိကျမှန်ကန်စေရေး**အတွက် လူမှု–စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ ညွှန်ကိန်းများကို ပြည့်စုံအောင် တွက်ချက်ဆောင်ရွက်နိုင်သည့် **မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် ပေါ်ပေါက်လာစေရန်မှာ နိုင်ငံတော်၏ ရည်မှန်းချက်တစ်ရပ်ဖြစ်ပါသည်။**

၄၃။ ထို့ကြောင့် "စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ" (National Strategy for the Development of Statistics–NSDS) ကို **စာရင်းအင်းအချက် အလက်များ တိကျမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီမှ ဦးဆောင်၍** " စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ" ဖော်ဆောင်ရေးကော်မတီ၊ သီးခြားကိစ္စများနှင့် ကဏ္ဍအလိုက် စာရင်းအင်းများအား မဟာဗျူဟာအရ လက်တွေ့အကောင်အထည်ဖော်ဆောင်ရာတွင် လုပ်ငန်းအုပ်စုများ (Cluster Working Groups) ဖွဲ့စည်း၍ အမျိုးသားစာရင်းအင်းစနစ် ဆိုင်ရာ မူဝါဒများအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မှသာ မြန်မာနိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ် (National Statistical System) အရည်အသွေး တိုးတက်ပြီး ပိုမိုမှန်ကန်ပြည့်စုံလာမည်ဖြစ်ပါသည်။

**နောက်ဆက်တွဲ (က)**

## စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး (ဗဟို) ကော်မတီ၏ လုပ်ငန်းတာဝန်များ

(၁) စာရင်းအင်းကိန်းဂဏန်း အချက်အလက်များ တိကျမှန်ကန်ရေး ဆောင်ရွက်ရန်။

(၂) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်တမ်းနှင့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းရပ်များ ဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲ လမ်းညွှန်ရန် ။

(၃) ပြည်ထောင်စုဝန်ကြီးဌာနအလိုက် တာဝန်ယူရသော ကဏ္ဍအသီးသီးတွင် ပြည့်ဝကောင်းမွန်သည့် စာရင်းအင်းနှင့်စစ်တမ်းစနစ်တစ်ရပ် ပေါ်ပေါက်လာရေး ပေါင်းစပ်ညှိနှိုင်းစီမံရန်။

(၄) အမျိုးသားစာရင်းအင်းစနစ်ကိုပူးပေါင်းနည်းတည်ထောင်ရာတွင် လိုအပ်သည့် အကြံဉာဏ်နှင့် လမ်းညွှန်မှုများပေးရန်။

(၅) အမျိုးသားအဆင့် စာရင်းအင်းဆိုင်ရာ အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုတို့ကို ကြီးကြပ်လမ်းညွှန်ရန်။

(၆) နိုင်ငံတကာ စာရင်းအင်းစနစ်များနှင့် လိုက်လျောညီထွေရှိစေရန် အမျိုးသား စာရင်းအင်းစနစ်အပေါ် အကဲဖြတ်သုံးသပ်ခြင်း၊ လိုအပ်ချက်များကို ကဏ္ဍအလိုက်သုံးသပ်ခြင်းနှင့် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံ တင်ပြရန်။

(၇) ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ စာရင်းအင်းကောက်ယူသည့်စနစ်နှင့် စာရင်းအင်းပြုစုခြင်းဆိုင်ရာ နည်းစနစ်များ တစ်ပြေးညီဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် သင်တန်းပေးခြင်းများအား စီမံဆောင်ရွက်ရန်။

(၈) ခေတ်နှင့်လျော်ညီသည့် အမျိုးသားစာရင်းအင်းဥပဒေ ပြန်လည် ရေးဆွဲ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် လမ်းညွှန်ကြီးကြပ်ရန်။

**နောက်ဆက်တွဲ (ခ)**

**စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ အကောင်အထည်ဖော်ရေး ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

(က) အမျိုးသားစာရင်းအင်းစနစ် (NSS) ၏ စွမ်းဆောင်ရည် တိုးတက်လာရေး ဦးတည်သည့် မျှော်မှန်းချက်၊ တာဝန်နှင့်မူဝါဒများ ဖော်ဆောင်ရာတွင် လမ်းညွှန်မှုနှင့် ညွှန်ကြားချက်ပေးရန်။

(ခ) အချက်အလက်သုံးစွဲသူများ၊ ထုတ်လုပ်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့်တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ လုပ်ငန်းစဉ်အတွက် လိုအပ်သော အရင်းအမြစ်များနှင့်လုပ်ငန်း အချိန်ဇယား သတ်မှတ်ရန်၊ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ ပုံစံ ချမှတ်ရန်အတွက် လမ်းပြမြေပုံအား ဖော်ဆောင်ရန်နှင့် ယင်းအား အချိန်အလိုက် ညှိနှိုင်းရန်တို့အတွက် လမ်းညွှန်ပေးရန်။

(ဂ) အမျိုးသားစာရင်းအင်းစနစ်(NSS)မှ လမ်းညွှန်မှုနှင့် ညွှန်ကြားချက်များပေးရန်နှင့် လိုအပ်ပါက ထောက်ခံအကြံပြုမှုများ ဆောင်ရွက်ရန်။

(ဃ) အမျိုးသားစာရင်းအင်းစနစ် (NSS) အတွက် ၅ နှစ် မှ ၁၀ နှစ်ကာလ (ကဏ္ဍအလိုက် စီမံကိန်းများ အပါအဝင်) စာရင်းအင်းဆိုင်ရာ ဦးစားပေးမဟာဗျူဟာများ သတ်မှတ်ခြင်း၊ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုအမျိုးသားအဆင့်မဟာဗျူဟာ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် အချိန်ဇယားများနှင့် ဘဏ္ဍာရေးအရင်းအမြစ်၊ မဟာဗျူဟာအကောင်အထည်ဖော်မှု ယန္တရားနှင့် စောင့်ကြည့်အကဲဖြတ်ခြင်း အပါအဝင် အရင်းအမြစ် လိုအပ်ချက်များ သတ်မှတ်ခြင်းတို့တွင် လမ်းညွှန်မှုနှင့် ထောက်ခံအကြံပြုချက်များပေးရန်။

(င) စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (NSDS) ကို ထောက်ခံအကြံပြု၍ လက်ခံအတည်ပြုရန်နှင့် နိုင်ငံတော်သမ္မတထံ ဆက်လက်တင်ပြအတည်ပြု မှုရယူရန်။

(စ) စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာ(NSDS)အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စောင့်ကြည့်လေ့လာအကဲဖြတ်မှုကို အစိုးရဌာန

တွင်းနှင့် ပြင်ပလူ့အဖွဲ့အစည်းတို့၏ ပူးပေါင်းပါဝင်မှု ရရှိရန်အတွက် ထောက်ခံအကြံပြုရန်။